၆-၁၀-၂၀၂၆ ရက်နေ့တွင် ဖြန့်ဝေသည်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

စတုတ္ထနေ့အစီအစဉ်

၆-၁၀-၂၀၂၆ (အင်္ဂါနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးထန်ဋူ၊ လဟယ်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "လဟယ်မြို့နယ် လွန်းထောင်းကျေးရွာနှင့် ကူကူးနောက်ကုန်းကျေးရွာကြားရှိ ဟန်းနူးချောင်း(ခေါ်) နန်းဖုတ်ချောင်းအား ဆိုင်ကယ်ကူးကြိုးတံတားအရှည်ပေ(၅၀၀)အား တည်ဆောက်ပေးရန် အစီ အစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်းမြို့၊ ထမံသီကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးကိစ္စအား အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီ အစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်း မြို့နယ်၊ မိုဝိုင်းလွတ်မြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော အလယ်တန်းပြနှင့် မူလတန်းပြဆရာ/ဆရာမများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီ အစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကလေးမြို့၊ အင်ဒိုင်းကုန်းရပ်ကွက်၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား/သူ (၁၁၅၉)ဦးရှိပြီး စာသင်ခန်းနှင့်ကျောင်းသားများ လုံလောက်မှုမရှိသဖြင့် ဆောက်လုပ်ဆဲ (၉၀×၃၀)ပေ နှစ်ထပ်ကျောင်းဆောင်အား အပြီးသတ်ဆောက်လုပ်ပေးရန်နှင့် (၁၄၀×၃၀)ပေ နှစ်ထပ်ကျောင်းဆောင်သစ် ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးခင်မောင်လွင်၊ တမူးမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏ "တမူးမြို့နယ်၊ ခမ်းပတ်မြို့၊ အခြေခံပညာအထက်တန်းကျောင်းအား ၂၀၂၆-၂၀၂၇ပညာသင်နှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက အသက်နှင့်အတန်း ကိုက်ညီရေးအတွက် Placement Test ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးအောင်နိုင်သူ၊ ခန့်မြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏ "ခန့်မြို့နယ်အတွင်း အစိုးရခန့်ဆရာ/ဆရာမ မရှိသည့်စာသင်ကျောင်း(၂၄)ကျောင်းတွင် ဆရာအတတ်သင် ပညာရေးဒီဂရီကောလိပ်မှ သင်တန်းဆင်းဆရာ/ဆရာမများအား ဆောလျင်စွာခန့်အပ် ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏ "စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားနှင့် စာသင်ခန်း မလုံလောက်သဖြင့် အမိုးသာရှိပြီး၊ မျက်နှာကြက်နှင့်အကာအရံမရှိသော ယာယီကျောင်းဆောင်(၂၀×၁၀)ပေ တစ်ထပ်ဆောက်လုပ်ပြီး ပညာသင်ကြားနေရသဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးမြင့်လေး၊ မြင်းမူမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏ "စစ်ကိုင်းတိုင်းဒေသကြီး အတွင်း တောင်သူလယ်သမားများ၏ သီးနှံစျေးနှုန်း မတည်ငြိမ်မှုအတွက် သီးနှံ စျေးနှုန်း အာမခံစနစ် (သို့) အလားတူ အန္တရာယ်ကာကွယ်ရေး စနစ်တစ်ရပ်ကို အကောင်အထည်ဖော်ပေးပြီး စိုက်ပျိုးရေးချေးငွေစနစ်နှင့် ချိတ်ဆက်ဆောင်ရွက် ပေးရန်နှင့် အဓိကသီးနှံများအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အနည်းငယ်ကို ရွေးချယ်၍ စတင်စမ်းသပ်အကောင်အထည်ဖော်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလို ကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဈ) ဦးမြတ်ကို၊ ခန့်မြို့နယ် လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏

(၁) "ခန့်မြို့၊ ဇီးဖြူကုန်းရပ်ကွက်ရှိ ချယ်ရီလမ်း ကွန်ကရစ်ခင်းပြီးထားသည့် အပိုင်းမှ ရုံးကြီးမြို့ပတ်လမ်းမကြီးအထိ (၁၃၆၇)ပေနှင့် ဇီးဖြူကုန်းရပ်ကွက်၊ ရုံးရှေ့လမ်းမှ ချယ်ရီလမ်းဆုံအထိ (၇၅၀)ပေအား ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့် မေးခွန်း။

(၂) ''ခန္တီးမြို့၊ ပေါမိုင်းရပ်ကွက်၊ ကုံကော်လမ်း (ဦးလီပေါက်)အိမ်ဘေး ဘုရင့်နောင်လမ်းမှ ယုဇနလမ်းအထိ (၄၃၀)ပေနှင့် သရဖီလမ်း အမှတ်(၃)ကျောင်းနောက်လမ်းအထိ (၄၅၀)ပေအား ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ည) **ဦးတင်ဝင်း၊ အရာတော်မြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏**

(၁) ''အရာတော်မြို့၊ မြို့လယ်ရပ်၊ နှင်းဆီလမ်း ဘဏ်တိုက်ပေါင်းမှ အခွန်ဦးစီးရုံးထောင့်ထိ လမ်းအရှည် (၁၂၈၁)ပေ၊ (၁၂)ပေကျယ်သော၊ ကတ္တရာလမ်းတွင် လမ်းများပေါက်ပြဲခြင်း၊ ချိုင့်များ၊ ကျင်းများဖြစ်နေပြီး ကွဲကျပျက်စီးနေသဖြင့် ကျောင်းသား/သူများနှင့် အများပြည်သူများ သွားလာလွယ်ကူစေရေးအတွက် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(၂) ''အရာတော်မြို့၊ အမှတ်(၃)ကွက်သစ်ရပ် မဂ္ဂါးဘုန်းတော်ကြီးကျောင်းအနောက်ဘက် အရှည်(၇၅၀)ပေ၊ အကျယ်(၁၄)ပေရှိ နောင်ကြီးအိုင်-အရာတော်- ထီးဆောင်း-မြို့လယ်ရှောင်ကျောက်လမ်း (အရန်လမ်းမကြီး)အား အများပြည်သူ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၆။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် အဆိုပြုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၇။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။